# ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်ကောင်စီ

# ၁၉၈၆ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

**[၁၉၈၆ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၄]**

**ရန်ကုန်မြို့၊ ၁၃၄၇ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်**

**(၁၉၈၆ ခုနှစ်၊ မတ်လ ၂၁ ရက်)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကြေငြာသည်။

နိဒါန်း

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အနှစ်၂၀နှစ်ရည်စီမံကိန်းနှင့်ပဉ္စမလေးနှစ်စီမံကိန်းလမ်းညွှန်မှုများတွင် ပါရှိသည့် ရည်မှန်းချက်များနှင့် ပဉ္စမလေးနှစ်စီမံကိန်း (၁၉၈၆ -၈၇ မှ ၁၉၈၉-၉၀) ၏ရည်မှန်းချက်များကို ရရှိစေရန် အလို့ငှာ ပြည်သူ့လွှတ်တော်သည်အောက်ပါဥပဒေ ကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၈၆ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၈၆-၈၇ ခု၊ ဘဏ္ဍာရေးနှစ် အတွက် ၁၉၈၆ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာ တည်ရမည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေးက အတည်ပြုပေးခဲ့သော ပဉ္စမလေးနှစ်စီမံ ကိန်း ရည်မှန်းချက်များနှင့်အညီ ရေးဆွဲထားသည့် ပဉ္စမလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၈၆- ၈၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက်ရည်မှန်းချက်များကို ရရှိနိုင်ရန် ထိုကဏ္ဍ များနှင့် ယှဉ်တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင် အထည် ဖော်ကြရမည်။

(ပုံ)စန်းယု

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၄၇ ခုနှစ်၊တပေါင်းလဆန်း ၁၁ ရက်
(၁၉၈၆ ခုနှစ် ၊ မတ်လ ၂၁ရက်)

အမိန့်အရ၊
(ပုံ) ဗိုလ်မှူးကြီး တင်လှိုင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်ကောင်စီရုံး
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၈၆ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ၏နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)